ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး**

ဒသမနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်**

**( ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၉.၂၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ ၈-၁၁-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်ပခရီးစဉ်။ ဒေါက်တာဒွေးကွဲယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ သွားရောက်လေ့လာရန်။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးဝင်းမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ပြည်ပခရီးစဉ်။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နဲ့ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၁)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ(၁၃)ဦးဖြစ်ပြီး၊ စုစုပေါင်း ခွင့်ပန်ကြားသူ (၂၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ညြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦး၊ ယနေ့ ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ(၁၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ရှေးဟောင်း ယဉ်ကျေးမှုမြို့တော် မြောက်ဦးမြို့ကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ UNESCO ၏ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရေး စာရင်းတင်သွင်းရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ က ရခိုင်ရှေးဟောင်း ယဉ်ကျေးမှုမြို့တော် မြောက်ဦးမြို့ကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့ UNESCO ၏ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရေး စာရင်းတင်သွင်းရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုဝန်ကြီးများ၊ ကျက်သရေ မင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော် မေးမယ့် မေးခွန်းကတော့ ရခိုင်ရှေးဟောင်းယဉ်ကျေးမှုမြို့တော် မြောက်ဦးမြို့ကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ UNESCO ရဲ့ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရေး စာရင်းတင်သွင်းရန် အစီအစဉ် ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ UNESCO ကို ၁၉၄၅ ခုနှစ်မှာ တည်ထောင်ခဲ့ပြီး အမွေအနှစ်ဒေသများကို ယဉ်ကျေးမှုဆိုင်ရာ သမိုင်းဆိုင်ရာ၊ သိပ္ပံဆိုင်ရာ သို့မဟုတ် အခြားဝိသေသများရှိခြင်းကို အခြေခံ ရွေးချယ်ပြီး အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများနဲ့ တရားဝင်ကာကွယ်ပေးထားပါတယ်။ ထိုဒေသ တွေကို လူသားမျိုးနွယ်စုရဲ့ စုပေါင်းအကျိုးစီးပွားအရေးကြီးမှုနဲ့ UNESCO က စောင့်ရှောက်နေတာ ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအထိ နိုင်ငံပေါင်း(၁၆၇)နိုင်ငံက ယဉ်ကျေးမှုနယ်မြေပေါင်း (၈၃၂)ခုကို UNESCO က အသိအမှတ်ပြုခဲ့ပြီး မြန်မာနိုင်ငံက ပျူမြို့ဟောင်း(၃)မြို့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လမှာ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ပြီး ဖြစ်ပါတယ်။ ရခိုင်သမိုင်းကို ဘီစီ ၃၃၂၅ မှာ စခဲ့ပြီး အေဒီ ၁၇၈၄၊ မဟာသမ္မတရာဇာမင်းလက်ထက်မှာ နန်းဆက်ပျက်သွားခဲ့ပါတယ်။ ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦးဆိုပြီး ခေတ်ကြီး(၄)ခေတ် ထွန်းကားခဲ့ပါတယ်ခင်ဗျား။

Power Point နဲ့ တင်ပြခွင့်ပြုပါခင်ဗျား။ ဓညဝတီခေတ် BC ၅၅၄ မှာ ဗုဒ္ဓသာသနာကို စတင်ပျိုးထောင်ပေးခဲ့တဲ့ ဂေါတမမြတ်စွာဘုရားကိုယ်တိုင် ကိုယ်စားတော်ထားခဲ့တဲ့ ကမ္ဘာမှာ ရှေး အကျဆုံး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ခဲ့ပါတယ်။ ဝေသာလီခေတ်ကို အေဒီ ၃၂၇ မှာ စခဲ့ပြီး အေဒီ ၈၁၈ ထိ ကြာမြင့်ခဲ့ရာ ပြာဟ္မီပွားအက္ခရာနဲ့ သက္ကဋ္ဌဘာသာတို့နဲ့ ကျောက်စာများကို ရေးထိုးထားခဲ့ပါတယ်။ လေးမြို့ခေတ်ကတော့ အေဒီ ၈၁၈ မှ အေဒီ ၁၄၃၀ ထိ နှစ်ပေါင်း (၆၀၀)ကျော် ရှည်လျားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်ကြီး(၃)ခေတ်စလုံးမှာ ဗုဒ္ဓဘာသာ ထွန်းကားခဲ့ပြီး စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနဲ့ ယဉ်ကျေးမှုနယ်မြေများ တိုးတက်ပြောင်းလဲခဲ့ပါတယ်။ ရခိုင်ပြည်ကို အုပ်စိုးခဲ့တဲ့

မင်းများဟာ ဗုဒ္ဓဘာသာကို နှလုံးသားထဲ၌ စွဲမှတ်ယုံကြည်ပြီး မိမိတာဝန်ကို ဘာသာရေးမှာ အလေးပေး ထားပါတယ်။ ရခိုင်ပြည်ကို ရခိုင်လူမျိုးများနေထိုင်ရာ နိုင်ငံတော်အဖြစ် သတ်မှတ်ရုံသာမက မြတ်စွာဘုရားရဲ့ အဖိုးတန်ဓာတ်တော်များနဲ့ ထူးမြတ်တဲ့ ဗုဒ္ဓရှင်တော်မြတ်ဘုရားကိုယ်တိုင် အသက်သွင်း ပေးခဲ့တဲ့ သာသနာမြေဖြစ်တယ်လို့ ယုံကြည်ခဲ့ကြပါတယ်။

မြောက်ဦးခေတ်ကို အေဒီ ၁၄၃၀ မှာ ဘုရင်မင်းစောမွန် တည်ထောင်ခဲ့ပြီး မင်းဆက်(၄၈) ဆက်နဲ့ နှစ်ပေါင်း(၃၅၄)နှစ် ကြာမြင့်ခဲ့ပါတယ်။ မြောက်ဦးခေတ်ဟာ ရှေးကပေါ်ထွန်းခဲ့တဲ့ ခေတ်ကြီး (၃)ခေတ်ရဲ့ သမိုင်းအမွေကို ဆက်ခံခဲ့ပါတယ်။ မြောက်ဦးခေတ် ဘုရင်များဟာ ခေတ်မီပြီး ကြီးကျယ် ခမ်းနားတဲ့ ဗုဒ္ဓဘာသာဘုရင့်နိုင်ငံတော်ကို တည်ထောင်ခဲ့ကြပါတယ်။ သျှစ်သောင်းပုထိုးတော်ကြီးကို အေဒီ ၁၅၃၅၊ ကိုးသောင်းပုထိုးတော်ကြီးကို အေဒီ ၁၅၅၃၊ ထုက္ကန့်သိမ်ပုထိုးတော်ကြီးကို အေဒီ ၁၅၇၁၊ အံတော်သိမ်ပုထိုးတော်ကြီးကို အေဒီ ၁၅၉၃ တို့မှာ တည်ထားခဲ့ပြီး ယဉ်ကျေးမှုလက်ရာ မြောက်မြားစွာနဲ့ ဆင်ယင်ထုလုပ် ကိုးကွယ်လာခဲ့ကြတာ ယနေ့တိုင်ဖြစ်ပါတယ်။ သျှစ်သောင်းပုထိုးတော်ကြီးမှာ မြတ်စွာဘုရားနုစဉ် ဖြစ်စဉ်တော်မူပေါင်း (၁၃၆)ဘဝကို လိုဏ်ဂူအောက်နံရံမှာ ရုပ်ကြွများ ထုလုပ် သရုပ်ဖော်ပူဇော်ထားရှိပါတယ်။ ဒါတွေဟာ ရခိုင်ဗိသုကာလက်ရာ စာပေတတ်ကျွမ်းမှုနဲ့ ဗုဒ္ဓဘာသာ အပေါ် သက်ဝင်ယုံကြည်မှုတို့ကို လေးနက်စေခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြောက်ဦးခေတ်မှာ ကဗျာ၊ လင်္ကာ၊ ရတု၊ အန်ချင်း၊ ဧချင်း၊ ပို့၊ မော်ကွန်း၊ မေတ္တာစာနဲ့ ကျမ်းအမျိုးမျိုး ထွန်းကားခဲ့ပါတယ်။ သျှစ်သောင်းဘုရားမှာ အနန္တစန္ဒြာမင်း ကျောက်စာတိုင်ကို စိုက်ထူထားတယ်။ ကျောက်စာတိုင်ကို အေဒီ ၇၂၉ မှာ ရေးထိုးထားခဲ့ခြင်းဖြစ်ပြီး ခရစ်တော်မပေါ်မီ နှစ်ပေါင်းများစွာမှ အေဒီ ၇၂၉ အထိ ရခိုင်သမိုင်းကြောင်းကို ဖော်ထုတ်ရေးသားထားတာ ဖြစ်ပါတယ်။ ပြာဟ္မီပွားအက္ခရာကိုအသုံးပြုပြီး သက္ကဋ္ဌဘာသာနဲ့ ရေးထိုးထားတာဖြစ်ပြီး ရှေးဟောင်းရခိုင်သမိုင်း ကျောက်စာအုပ်ကြီးတစ်အုပ်လို့ ခေါ်ဆိုနိုင်ပါတယ်။ ကြေးသွန်းပညာ၊ စဉ့်ထည်လက်ရာများနဲ့ ငွေဒင်္ဂါး သွန်းလုပ်မှုတွေလည်း ဖွံ့ဖြိုးတိုးတက်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အေဒီ ၁၅၃၀ မင်းဘာဘုရင် လက်ထက်မှာ ကာကွယ်ရေးစနစ်တွေ ဖြစ်တဲ့ မြို့ရိုး၊ ကျုံး၊ ရေတံခါး၊ ခံတပ်နဲ့ ရေတပ်အင်အားတွေကို ခေတ်မီအောင် တည်ထောင်ခဲ့ပါတယ်။ ရခိုင်ရေတပ်မတော်ဟာ ဘင်္ဂလားပင်လယ်ကမ်းခြေမှာ ထင်ရှားခဲ့ပြီး ဘင်္ဂါ(၁၂)မြို့ကို ပိုင်စိုးခဲ့ပါတယ်။ ဂျပန် ဆာမူရိုင်းခေါ် သူရဲကောင်းတပ်၊ ပေါ်တူဂီတပ်များကို ကိုယ်ရံတော်တပ်အဖြစ် အသုံးပြုခဲ့ပါတယ်။ ဥရောပတိုက်နဲ့ ကုန်သွယ်ရေကြောင်း ဆက်သွယ်ခဲ့တဲ့အတွက် ဒတ်ချ်ကုန်တိုက်ကို ယနေ့တိုင် တွေ့နိုင် ပါတယ်။ ပေါ်တူဂီနဲ့ ဒတ်ချ်ကုန်သည်တွေက မြောက်ဦးမြို့ကို အမ်စတာဒမ်မြို့ထက် ကြီးကျယ်ခမ်းနား ကြောင်း အသိအမှတ်ပြုခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ UNESCO ဟာ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်သတ်မှတ်ဖို့ ထူးခြားပြီး တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ စံတန်ဖိုး(၆)ချက်ကို သတ်မှတ်ထားရှိပါတယ်။ ပျူမြို့ဟောင်း(၃)မြို့ကို စံ သတ်မှတ်ချက် (၂)၊ (၃)၊ (၄)တို့နဲ့ ကိုက်ညီအတည်ပြုခဲ့တာ ဖြစ်ပါတယ်။ မြောက်ဦးမြို့ဟောင်းဟာ

စံတန်ဖိုး သတ်မှတ်ချက်များနဲ့ကိုက်ညီရန် အင်္ဂါရပ်များစွာရှိနေတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။


မြောက်ဦးထီးနန်း AD- (1430-1784)မြင်ကွင်းပုံ (ပ)



သျှစ်သောင်းပုထိုးတော်ကြီး AD- 1535 ခုနှစ် ဘုရင်မင်းဘာကြီး မြင်ကွင်းပုံ (ပ-၁)



ဒတ် (ချ) ကုန်တိုက် မြင်ကွင်းပုံ (ပ-၂)



**မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်အတွင်းရှိ တကောင်း(ခေါ်)သင်းတွဲ ဘွဲ့နာမည် တွင်သည့် ရှေးမြို့ဟောင်းကို ကမ္ဘာ့မှတ်တမ်းဝင်မြို့အဖြစ် အမည်စာရင်း တင်သွင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)က မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်အတွင်းရှိ တကောင်း(ခေါ်)သင်းတွဲ ဘွဲ့နာမည်တွင်သည့် ရှေးမြို့ဟောင်းကို ကမ္ဘာ့မှတ်တမ်းဝင်မြို့အဖြစ် အမည်စာရင်း တင်သွင်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အပေါင်း ကျန်းမာချမ်းသာကြစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်အတွင်းမှာ တကောင်းမြို့နယ်(ခွဲ)ဟာ မန္တလေးမြို့မှ (၁၂၇)မိုင်ကွာဝေးပြီး ယနေ့ခေတ်ကာလမှာလည်း စည်ကားဖွံ့ဖြိုးဆဲ ဒေသတစ်ခုဖြစ်သလို မြို့အဝင်မုခ်ဦးကြီးမှာလည်း ခန့်ညားပြီး မြန်မာအစ တကောင်းကဆိုတဲ့ သမိုင်းဝင် မြန်မာ့အစောဆုံးမြို့ထဲက မြို့တစ်မြို့ဖြစ်ပါတယ်။ တကောင်းမြို့ဟာ မြို့သက်အနေအထား ဘီစီ ၅၀၀ လောက်ကတည်းက တည်ရှိတဲ့၊ ဗုဒ္ဓခေတ်ကိုမီတဲ့ ဒေသတစ်ခုဖြစ်ကြောင်းနဲ့၊ သမိုင်းကို မြေသားနဲ့ မြေသားအတွင်းက တူးဖော်ရရှိတဲ့ တကောင်းမြို့လယ်၊ ဘိုးဘိုးကြီးနတ်စင်ရှေ့က မြေအိုး(၃)အိုးနဲ့ တကောင်း

အ.ထ.ကကျောင်းထဲက အရိုးအိုး(၆၅)လုံးက ၁၁ ရာစုထက် အစောဆုံးအနေအထားကို ညွှန်ပြနေပါတယ်။ ပျူခေတ်ရဲ့ သင်္ကေတ လယ်စင်းပါအုတ်ချပ်များလည်း တူးဖော်တွေ့ရှိရပါတယ်။ ထို့အပြင်သာမက တကောင်းမှာ ကျောက်ခေတ်လယ်၊ ကျောက်ချောခေတ် လက်နက်ကိရိယာများ၊ ကြေးပစ္စည်းများနှင့် သံချက်ဖိုများ ယနေ့တိုင် အထင်အရှား တွေ့ရှိရပါတယ်။ တကောင်းဒေသဟာ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ တတိယတွဲမှာ ဘီစီ ၆ ရာစုက သင်းတွဲမြေရှိ ဉာဏ်မြို့သည် နောက်ပိုင်း တကောင်းအမည်တွင်ကြောင်းနဲ့ ရှမ်းဘာသာဖြင့် ကုန်စည်တင်ပို့သည့် ဆိပ်ကမ်းမြို့ဖြစ်ကြောင်း ဖော်ပြထားပါတယ်။

တကောင်းမြို့သည် မူလက ဧရာဝတီမြစ် အနောက်ဘက်မှာ ရှိခဲ့ပေမယ့် ယခုအခါ မြစ်ကျိုးအင်းများကြောင့် အနေအထားပြောင်းလဲကာ ဧရာဝတီမြစ်အရှေ့ဘက်မှာ တည်ရှိနေပါတယ်။ အရှေ့လောင်ဂျီတွဒ် (၉၆)ဒီဂရီ(၁၁)မိနစ်၊ မြောက်လတ္တီတွဒ် (၂၃)ဒီဂရီ(၃၀)မိနစ်မှာ တည်ရှိတဲ့တောင်တန်းနဲ့ သစ်တောတွေကြားမှာ တည်ရှိသော မြို့ဖြစ်ပြီး မြို့အခင်းလှပတဲ့ ဒေသဖြစ်ပါတယ်။ ဖြောင့်ဖြူးကျယ်ပြန့်တဲ့ လမ်းပန်းအဆက်အသွယ်လည်း ရှိနေပါတယ်။ လက်ရှိ လူနေမှုအနေအထားအရ ရပ်ကွက်ကြီး (၃)ရပ်ကွက်နဲ့ အိမ်ခြေ(၄၃၀၀)ကျော်၊ လူဦးရေ(၃၅၈၇၀)၊ အိမ်ထောင်စု(၇၃၉၂)ရှိပြီး အထက်တန်းကျောင်း(၁)ကျောင်း၊ အလယ်တန်းကျောင်း(၁)ကျောင်းနဲ့ မူလတန်းကျောင်း(၁)ကျောင်း၊ (၂၅)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဌာနအပြင် တီဗွီအသံလွှင့်ရုံ(ခွဲ)၊ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်များလည်း ရှိပါတယ်။ လျှပ်စစ်ဓာတ်အားပေး (၇၃)ကေဗွီ စက်ရုံတို့နှင့် မြေဧက(၂၁၆၀၃၃)ကျယ်ဝန်းတဲ့ ဒေသကြီးတစ်ခုလည်း ဖြစ်ပါတယ်။ တကောင်းအနီးက အရှေ့တောင်ဘက်မှာရှိတဲ့ သောင်းဝှက်တောင်တန်းမှာ ဆေးဘက်ဝင် နံ့သာဖြူနဲ့ ကရမက်၊ ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ ပိတောက်ပင်များ အလေ့ကျပေါက်ရောက်ကြောင်း သိရှိရပြီး တကောင်းလွင်ပြင် တောင်ဘက်မှာ သံချက်ဖို အများအပြား ယနေ့တိုင်တွေ့ရှိရခြင်းနဲ့ သဘာဝသံရိုင်းများ ထွက်ရှိကြောင်း သိရှိရပါတယ်။

ထီးချိုင့်ဘက်မှာရှိတဲ့ မောင်းကုန်းစက်ရုံဟာ တကောင်းဒေသက နီကယ်ရိုင်းများကို ထုတ်ယူသန့်စင်ပေးနေခြင်းဖြစ်ပါတယ်။ ဒီလို သဘာဝအနေအထား အထူးကောင်းမွန်လှပြီး သမိုင်းခေတ်အစောဆုံးမြို့ပြဒေသတစ်ခုကို ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့ဟောင်းတို့လို ကမ္ဘာ့မှတ်တမ်းဝင်မြို့တစ်မြို့အဖြစ် အမည်တင်သွင်းဖို့နဲ့ Ecotourism အရ ကမ္ဘာလှည့်ခရီးသည်များကို ဖိတ်ခေါ်ရင်း ဒေသဖွံ့ဖြိုးရေးကို စီစဉ်ဆောင်ရွက်ပေးသင့်ပါတယ်။ မြန်မာတို့ရဲ့ ရှေးဦးမြို့ပြဒေသ မြန်မာအစ တကောင်းကအမည်တွင်တဲ့ အဆိုပါဒေသကို ဒေသဖွံ့ဖြိုးရေးအတွက် စီစဉ်ပေးနိုင်ရန်နှင့် မြို့အနေအထား၊ သဘာဝအလှအပ၊ ရှေးခေတ်လက်ကျန်သမိုင်းအဖြစ် အမွေအနှစ်များကို ပြသပြီး ကမ္ဘာ့မှတ်တမ်းဝင် UNESCO အမွေအနှစ်အဖြစ် နာမည်စာရင်းတင်သွင်းပေးရန်နှင့် မြို့နယ်(ခွဲ)မှ မြို့နယ်အဖြစ် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**သူရဦးအောင်ကို (ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ပြုပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ် အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကျော်ဇံ ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေနဲ့ ရှေးဟောင်းရခိုင်ယဉ်ကျေးမှုမြို့တော်ဟောင်း မြောက်ဦးကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံ၊ ယဉ်ကျေးမှုအဖွဲ့ UNESCO ရဲ့ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်နိုင်ဖို့အတွက်ကို ၂၀၁၈ ခုနှစ်အတွင်းမှာ စာရင်းတင်သွင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဦးစွာတင်ပြလိုပါတယ်။ မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် World Heritage List အဖြစ် သတ်မှတ်တင်သွင်းနိုင်ဖို့အတွက်ကို ၂၀၁၇ ခုနှစ်၊ မေလ ၁၇ ရက်နေ့ မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမမှာ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပါတယ်။ အစည်းအဝေးမှာ ကျွန်တော်ကိုယ်တိုင်နဲ့ နောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် အပါအဝင် UNESCO မှ ပညာရှင်များ၊ ရှေးဟောင်းသုတေသနမှ ပညာရှင်များ၊ ဒေသခံသမိုင်းပညာရှင်များ စုံညီစွာ တက်ရောက်ခဲ့ကြပါတယ်။ အဲဒီ အစည်းအဝေးမှာ မြောက်ဦးဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင် သတ်မှတ်နိုင်ဖို့အတွက်ကို နိုင်ငံတကာနဲ့ ပူးပေါင်းပြီးတော့မှ စနစ်ကျတဲ့ စီမံခန့်ခွဲမှုနဲ့ ကာကွယ်ထိန်းသိမ်းမှု ဆောင်ရွက်နိုင်ဖို့ ဒေသခံပြည်သူများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ကလည်း ခုနက အပြည့်အဝ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ နောက် အကြံပေးအဖွဲ့၊ ပညာရှင်အဖွဲ့၊ ဒေသခံများ၊ သမိုင်းပညာရှင်များ စသည်ဖြင့် စုပေါင်းဖွဲ့စည်းပြီးတော့မှ ၂၀၁၈ ခုနှစ်၊ ဇွန်လမှာ ပြုလုပ်မယ့် UNESCO ရဲ့ ကမ္ဘာ့အမွေအနှစ် ညီလာခံမှာ တင်သွင်းရန် ဆုံးဖြတ်ခဲ့ကြပါတယ်။

မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် World Heritage List တင်သွင်းဖို့အတွက် လိုအပ်တဲ့ ကော်မတီဖွဲ့စည်းမှုများကိုလည်းပဲ နိုင်ငံတော်သမ္မတရုံးရဲ့ ခွင့်ပြုချက်နဲ့အညီ မြောက်ဦးဒေသ ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ (Steering Committee)၊ နောက် လုပ်ငန်းကော်မတီနှင့် အကြံပေးပညာရှင်အဖွဲ့ (Advisory Team) တို့ကိုလည်း ထုတ်ပြန်ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ ဆပ်ကော်မတီ အသီးသီးတို့ကိုလည်း ဖွဲ့စည်းပြီးတော့ လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရောက်ဖို့အတွက် ကျွန်တော်တို့ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့မှာ မြောက်ဦးခရိုင်မှာပဲ ကျွန်တော်တို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ပညာရှင်များ၊ ပြည်တွင်းပြည်ပ ပညာရှင်များနဲ့ ဒုတိယအကြိမ် ကျွန်တော်တို့ ဒေသခံရပ်မိရပ်ဖများ၊ ပညာရှင်များနဲ့ ဒုတိယအကြိမ် ကျွန်တော်တို့ အစည်းအဝေးကိုလည်း

ဆက်လက်ကျင်းပခဲ့ပါတယ်။ အဲဒီအခါမှာ ကမ္ဘာ့အမွေအနှစ် စံနှုန်းသတ်မှတ်ချက်များနဲ့ ကိုက်ညီတဲ့ အချက်များ စိစစ်ရွေးချယ်ဖို့ Nomination Dossier (Draft) ရေးသားရေးတို့ကိုလည်း ကျွန်တော်တို့ ညှိနှိုင်းပြီးတော့မှ အခု UNESCO ပညာရှင်များနဲ့ ပူးပေါင်းပြီးမှ ကျွန်တော်တို့ အဆိုပြုလွှာ မူကြမ်းကို စတင်ရေးသားနေပြီဖြစ်ကြောင်း တင်ပြလိုပါတယ်။

သို့ပါ၍ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ရောက်ဖို့ အတွက် သက်ဆိုင်ရာကော်မတီများ၊ ဆပ်ကော်မတီများနှင့် အဖွဲ့အစည်းများမှ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းကိုလည်း ဆက်လက်ဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသများ၊ မြို့တော်ဟောင်းများကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ၁၉၉၆ ခုနှစ်တွင် ဖော်ပြပါနေရာများကို ပဏာမ အဆိုပြုစာရင်း Tentative Lists အဖြစ် UNESCO ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့သို့ စတင် တင်သွင်းထားခဲ့ပါတယ်။ ၎င်းတို့ကတော့ (၁) ပြဒါးလင်းဂူနှင့် အနီးပတ်ဝန်းကျင်ဂူများ၊ (၂) အင်းလေးကန်၊ (၃) ပျူမြို့တော်ဟောင်းများ၊ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ (၄) ပုဂံရှေးဟောင်းဒေသနှင့် အထိမ်းအမှတ် ယဉ်ကျေးမှု အဆောက်အအုံများ၊ (၅) မြောက်ဦး ရှေးဟောင်းဒေသနှင့် အထိမ်းအမှတ် အဆောက်အအုံများ၊ (၆) အထက်မြန်မာနိုင်ငံမှာရှိတဲ့ ရှေးဟောင်းမြို့တော်များ၊ အင်းဝ၊ အမရပူရ၊ စစ်ကိုင်း၊ မင်းကွန်း၊ မန္တလေး စသည့်မြို့တော်ဟောင်းများ၊ (၇) မွန်မြို့တော်ဟောင်းများဖြစ်တဲ့ ပဲခူး၊ ဟံသာဝတီ စတဲ့မြို့တော်များ၊ (၈) ကုန်းဘောင်ခေတ် သစ်သားဘုန်းတော်ကြီးကျောင်းများ၊ အဆောက်အအုံများ၊ ဥပမာ-အုံတုံ၊ စလေ၊ ပခန်းကြီး၊ ပခန်းငယ်၊ လယ်ကိုင်း၊ စကု၊ ရွှေကျောင်း စတဲ့ ကျွန်တော်တို့ ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများကို ပဏာမအဆိုပြုစာရင်း Tentative Lists မှာ တင်သွင်းထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခုန ဒီကြယ်ပွင့်ပြမေးခွန်းရှင် မေးခွန်း ဖတ်ကြားသွားသလိုပါပဲ။ ကျွန်တော်တို့ UNESCO ကို တင်သွင်းတဲ့အခါမှာ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း World Culture Heritage List ရှိသလိုပဲ World Natural Heritage List ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်း အင်းလေးကန်တို့၊ အင်းတော်ကြီးအိုင်တို့ စတာတွေရှိပါတယ်။ နောက်တစ်ခါ ခုန ကျွန်တော်တို့ သမိုင်းဆိုင်ရာ အဆောက်အအုံ လည်း ရှိပါတယ်ခင်ဗျား။ အဲဒါ ခုန ဘုရင့်နောင်မင်းတရားကြီးရဲ့ ခေါင်းလောင်းတော်ကြီးတို့ကအစ အဲဒီလိုတင်တဲ့အခါမှာ ကျွန်တော်တို့က ဒီခေါင်းစဉ်တစ်ခုအတွက်ကို တစ်နှစ်မှာ တစ်ခုပဲ ကျွန်တော်တို့ တင်သွင်းခွင့်ရှိပါတယ်ခင်ဗျား။ ကျွန်တော်တို့က ၂၀၁၄ ခုနှစ်ကျမှ ဟန်လင်း၊ ပျူ သရေခေတ္တရာတို့ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း ဝင်ခဲ့ပါတယ်။ ယခင်တုန်းကတော့ ကျွန်တော်တို့ အကြောင်းအမျိုးမျိုး ကြောင့်၊ ပိတ်ဆို့မှုတွေကြောင့်မို့လို့ ဒါတွေက ကျွန်တော်တို့ တင်သွင်းနိုင်ခြင်း မပြုနိုင်ခဲ့ပါဘူး။

အဲဒီတော့ ခု ရွှေတိဂုံစေတီတော်မြတ်ကြီးကိုတောင်မှ ကမ္ဘာ့အမွေအနှစ်စာရင်းမှာပါတဲ့ စေတီတော်မြတ်ကြီးကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းဖို့အတွက် ၂၀၁၉ ခုနှစ်မှာ ကျွန်တော်တို့ ပြန်ထည့်သွင်းဖို့ဆိုပြီးတော့မှ Tentative Lists ထဲကို အခု ကျွန်တော်တို့ တင်သွင်းထားပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ အထက်စာပိုဒ်(၁) အမှတ်စဉ်(၈)မှာပါရှိတဲ့ ပျူမြို့ဟောင်း(၃)မြို့ကို ၂၂-၆-၂၀၁၄ ရက်နေ့တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ပထမဆုံး သတ်မှတ်ခြင်းကို ခံခဲ့ရပါတယ်။

ဆက်လက်ပြီးတော့မှ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ၊ မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသနဲ့ ရွှေတိဂုံစေတီတော်တို့ကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းဖို့ကိုလည်း ဆက်လက်၍ တစ်ခုပြီး တစ်ခု နှစ်စဉ်ရရှိအောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့ဟောင်းဒေသကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေအရ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊ ရှေးဟောင်းနေရာ တည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားတဲ့ဇုန်များ သတ်မှတ်ပြီးတော့မှ အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ဒေသဇုန်အဖြစ် ကာကွယ်စောင့်ရှောက်လျက်ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ အဆင့်နိမ့်ပါတယ်။ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် ကာကွယ်စောင့်ရှောက်လျက်ရှိပါတယ်။ နောက်တစ်ဆင့်ကျမှ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဆိုတဲ့အဆင့်မျိုး တက်ရမှာဖြစ်ပါတယ်။ အဲဒီတော့ ကမ္ဘာ့အမွေအနှစ်အဖြစ် တင်သွင်းရန်မှာ သမိုင်းကြောင်းဆိုင်ရာအချက်အလက်များ ခိုင်မာမှု၊ တိကျမှု၊ ပြည့်စုံမှု၊ နောက် မြေပြင်ပေါ်မှာလည်း ၎င်းတို့သတ်မှတ်ထားတဲ့စံနှုန်းများ ကိုက်ညီပြည့်စုံမှု၊ နောက် ဒေသခံများ၊ ဒေသအတွင်း နေထိုင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ယဉ်ကျေးမှုအမွေအနှစ်များကို ထိထိရောက်ရောက် ပူးပေါင်း ထိန်းသိမ်းစောင့်ရှောက်မှု၊ ဥပဒေအရ ကန့်သတ်ချက်များကိုလည်းပဲ တိကျစွာလိုက်နာနိုင်မှု စသဖြင့် လိုအပ်ချက်များစွာ ရှိနေပါသေးတယ်။

ဒါ့အပြင် တကောင်းမြို့ဟောင်းဒေသသည် မြန်မာ့သမိုင်းအတွက် အရေးပါသည်မှန်သော်လည်းပဲ အထက်ဖော်ပြပါ လိုအပ်ချက်များစွာရှိပြီးတော့မှ အဆိုပြုစာရင်းမှာ ထည့်သွင်းနိုင်ဖို့အတွက်ကို ကျွန်တော်တို့ သမိုင်းသုတေသနပညာရှင်များ စေလွှတ်ပြီးတော့မှ ဆက်လက် သုတေသနလုပ်ငန်းများစွာ ကျန်ရှိနေသေးကြောင်း တင်ပြလိုပါတယ်။ သို့ပါ၍ တကောင်းမြို့ဟောင်းဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ဖို့အတွက် အဆိုပြုစာရင်း Tentative Lists တွင်လည်း ပါဝင်ခြင်းမရှိသေးပါကြောင်းနဲ့ တကောင်း(ခ)သင်းတွဲ ဘွဲ့နာမည်တွင်သည့် ရှေးမြို့ဟောင်းကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်မြို့အဖြစ် အမည်တင်သွင်းပေးနိုင်ရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြား တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက်ဖြေကြားတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**သထုံမြို့နယ်တွင် လယ်ယာမြေဧက (၂၂၀၀၀)အတွက် ရေကြီးနစ်မြုပ်မှုနှင့် ရေငန်ဝင်ရောက်မှုမှ ကာကွယ်ရန် တည်ဆောက်ခဲ့သော ကျုံထော်ရေထိန်းတံခါးကြီး ပြိုကျသွားမှုအပေါ် ဒေသခံ သက်တမ်းရင့် တောင်သူလယ်သမားများ၏ ဆန္ဒအရ ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်က သထုံမြို့နယ်တွင် လယ်ယာမြေဧက (၂၂၀၀၀)အတွက် ရေကြီးနစ်မြုပ်မှုနှင့် ရေငန်ဝင်ရောက်မှုမှ ကာကွယ်ရန် တည်ဆောက်ခဲ့သော ကျုံထော်ရေထိန်းတံခါးကြီး ပြိုကျသွားမှုအပေါ် ဒေသခံ သက်တမ်းရင့် တောင်သူလယ်သမားများ၏ဆန္ဒအရ ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသောမေးခွန်းမှာ သထုံမြို့နယ်တွင် လယ်ယာမြေဧက (၂၂၀၀၀)ကျော် ရေကြီးနစ်မြုပ်မှုနှင့် ရေငန်ဝင်ရောက်မှုမှကာကွယ်ရန် တည်ဆောက်တဲ့ ကျုံထော် ရေထိန်းတံခါးကြီး ပြိုကျသွားမှုအပေါ် ဒေသခံ သက်တမ်းရင့် တောင်သူလယ်သမားများ၏ဆန္ဒအရ ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ မဲဆန္ဒနယ် သထုံမြို့သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုရာ မြို့ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ စာရင်းဇယားများအရ လျာထားဧက(၁၃၀၀၀၀)ကျော်ရှိကြောင်း သိရှိရပါတယ်။ ယခင်က ဆန်စပါးမှာ ဒေသအတွင်း ဖူလုံသည့်အပြင် နီးစပ်ရာ ကရင်ပြည်နယ်၏ ဆန်စပါးလိုအပ်ချက်အတွက် အဓိက ဖြည့်ဆည်းပေးနေသောမြို့ ဖြစ်ခဲ့ဖူးပါတယ်။ ဖော်ပြပါ ကျုံထော်ရေထိန်းတံခါးသည် ပေါင်မြို့နယ်အတွင်းရှိ ကျုံထော်ချောင်းပေါ်တွင် တည်ဆောက်ခဲ့ပြီး (၆x၁၂)ပေ တံခါး (၂၅)ပေါက်ပါရှိတဲ့ ကွန်ကရစ်ရေထိန်းတံခါး အမျိုးအစားဖြစ်ပါတယ်။ ရေခေါ်မြောင်းမကြီးမှာ အလျားပေ (၇၀၀)ရှိ၍ ရေထုတ်မြောင်းမှာ အလျားပေ(၅၀၀)ရှိပါတယ်။ လယ်ယာမြေဧရိယာ (၂၂၀၀၀)ဧကအား မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးရန်နှင့် နွေရာသီတွင် ပင်လယ်ဒီရေ ရေငန်ဝင်ရောက်မှုမှ

ကာကွယ်ရန်အတွက် ရည်ရွယ်ပြီး ၂၀၀၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ပြီးစီးခဲ့သည့် ရေထိန်းတံခါးဖြစ်ပါတယ်။ ရေထိန်းတံခါးနှင့်အတူ ဆက်စပ်၍ ပင်မရေနုတ်မြောင်း (၂)ခု ဖြစ်သည့် သရက်တောမြောင်းနှင့် ပန်းတိမ်ကန်မြောင်းကို တူးဖော်ဆောင်ရွက်ခဲ့ပြီး ရေထိန်းတံခါးနှင့် ဆက်စပ်လုပ်ငန်းများ၏ စုစုပေါင်း စီမံကိန်းကုန်ကျစရိတ်မှာ ကျပ်(၆၉၉.၁၇)သန်းဖြစ်ပါတယ်။

သို့သော် ကျုံထော်ရေထိန်းတံခါး၏ အနေအထားမှာ ပင်လယ်ကမ်းခြေနှင့် (၁)မိုင် (၂)ဖာလုံသာ ကွာဝေးသဖြင့် ၂၀၀၈ ခုနှစ်မှ စတင်၍ ပင်လယ်ရေစီးကြောင်း ပြောင်းလဲတိုက်စားမှု ဖြစ်ပေါ်လာခဲ့ခြင်းကြောင့် ၂၀၀၉ ခုနှစ်တွင် ကမ်းစားနှုန်း တဖြည်းဖြည်းများလာခဲ့ရာမှာ ၉-၅-၂၀၀၉ ရက်နေ့တွင် ပြိုကျပျက်စီးသွားခဲ့ရပါတယ်။ ထိုသို့ ပြိုကျပျက်စီးသွားမှုကြောင့် ဒေသခံတောင်သူလယ်သမားတို့၏ လယ်ယာများသည် ရေအောက်သို့ ရောက်ရှိသွားခဲ့ရပါတယ်။ နီးစပ်ရာလယ်များမှာလည်း ရေငန်များဝင်ရောက်မှုကြောင့် စပါးနှင့်အခြားသီးနှံများ စိုက်ပျိုးရာတွင် အခက်အခဲများစွာရှိလာတာကို သိရှိရပါတယ်။ ဒေသခံလယ်သမားအများစုမှာ မိမိတို့၏လယ်ယာမြေများ ဆုံးရှုံးခဲ့ရသဖြင့် နီးစပ်ရာ လုပ်အားခမြင့်မားသော နိုင်ငံများသို့ အုပ်စုလိုက် ထွက်ခွာကာ သွားရောက်လုပ်ကိုင်ကြရသည့်အတွက် ဒေသတွင်း လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးမှု မြင့်တက်လာခဲ့ရပါတယ်။ သထုံမြို့နယ်သည် ပင်လယ်ရေငန်နှင့် တိုက်ရိုက်ထိတွေ့ရသည့်ဒေသဖြစ်သည့်အလျောက် ချောင်း သို့မဟုတ် ရေနုတ်မြောင်းများ ကောလာခြင်းမှ ကာကွယ်ရန် ရေချိုသိုလှောင်နိုင်ရန်အတွက် အဆိုပါရေတံခါးကို ပြန်လည်တည်ဆောက်ပေးရန် လိုအပ်သည်ဟု ဒေသခံ သက်တမ်းရင့် တောင်သူလယ်သမားများက အကြံပြု တင်ပြလာကြပါတယ်။

မိမိ၏မဲဆန္ဒနယ်မြေသို့ ရောက်ရှိစဉ်အခါကလည်း ယခင် ကျုံထော်ရေထိန်းတံခါး၏အပေါ်မိုင်တိုင် သို့မဟုတ် ကော့သန်ချောင်း၊ သထုံချောင်း၊ ပန်းတိမ်ချောင်းများအား ခြုံငုံနိုင်သော သင့်တင့်သည့်နေရာတွင် တည်ဆောက်ပေးရန် အဆင်ပြေနိုင်မည်ဟု သက်ဆိုင်ရာပညာရှင်များနှင့် မဲဆန္ဒရှင်ပြည်သူများက တင်ပြလာပါတယ်။ သို့ဖြစ်ပါ၍ ဤမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းလိုက်ရပါတယ်ခင်ဗျား။

**မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်မြောက်ပိုင်း၊ ချောင်းဆုံကြီးကျေးရွာအုပ်စု၊ ချောင်းဆုံရွာအနီးတွင် တောင်ယမားရေလှောင်တမံ ရေပိုလွှဲကျော် ကွန်ကရစ်တံတား ပြုလုပ်ပေးရန်နှင့် ဂုင်းတမံရေဖောက်ချ၍ ပျက်စီးခဲ့ရသော လယ်ယာမြေများကို ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေက မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်မြောက်ပိုင်း၊ ချောင်းဆုံကြီး ကျေးရွာအုပ်စု၊ ချောင်းဆုံရွာအနီးတွင် တောင်ယမားရေလှောင်တမံ ရေပိုလွှဲကျော် ကွန်ကရစ်တံတား ပြုလုပ်ပေးရန်နှင့် ဂုင်းတမံ ရေဖောက်ချ၍ ပျက်စီးခဲ့ရသော လယ်ယာမြေများကို ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးကျော်ဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ အားလုံး မင်္ဂလာပါ ခင်ဗျား။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်မြောက်ပိုင်း၊ ချောင်းဆုံကြီးကျေးရွာအုပ်စု၊ ချောင်းဆုံ ရွာအနီးမှာ တောင်ယမားရေလှောင်တမံ ရေပိုလွှဲကျော် ကွန်ကရစ်တံတား ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ၎င်းတမံ ရေဖောက်ချလို့ ပျက်စီးခဲ့ရတဲ့လယ်ယာမြေများ စိုက်ပျိုးမြေဖြစ်စေရေး ပြန်လည် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ၊ အထက်ဖော်ပြပါ ကိစ္စနှစ်ခုအား ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့် အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးခွန်းဖြစ်ပါတယ်။

အထက်ပါမေးခွန်းနှင့် ပတ်သက်ပြီးတော့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ် မြောက်ပိုင်း၊ ချောင်းဆုံကြီးကျေးရွာအုပ်စု၊ ချောင်းဆုံကျေးရွာအနီးမှာ တောင်ယမားရေလှောင်တမံကို ၁၉၉၈ ခုနှစ်က တည်ဆောက်ခဲ့ပါတယ်။ အဲဒီတမံ တည်နေရာဟာ မြိုင်မြို့နယ်မြောက်ဖျား ချောင်းဆုံ ကျေးရွာမှာ တည်ရှိပေမယ့်လို့ ဆည်ရေသောက်ဧရိယာက စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်တွင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီဆည်ကြီး ထိန်းသိမ်းရေးအတွက်လည်းပဲ၊ စစ်ကိုင်းတိုင်းဆည်မြောင်းကနေပဲ တာဝန်ယူ ထိန်းသိမ်းတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ပြည်ထောင်စုအဆင့်မှာ ကျွန်တော်တို့ မေးမြန်း ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီတမံကြီး တည်ဆောက်စဉ်တုန်းက ရေဝပ်ဧရိယာဟာ (၇၅၀)ဧက ရှိပြီးတော့ အမြဲတမ်းရေဝပ်တဲ့ဧရိယာက ကျွန်တော်တို့(၁၈၃)ဧကခန့်၊ ရွာ(၃)ရွာ ရွှေ့ပြောင်းရတဲ့ ဧရိယာက ဧက(၂၅၀)၊ ရေပိုလွှဲအတွက်(၂၇)ဧကခန့် စုစုပေါင်းဧရိယာဟာဆိုလို့ရှိရင် (၄၆၀)ဧကလောက် ဆုံးရှုံး ခဲ့ကြရပါတယ်။

တမံပေါင် ပြုလုပ်လို့၊ မြေယူခဲ့လို့မို့လို့ စိုက်ပျိုးလို့မရတဲ့မြေများလည်း ရှိပါသေးတယ်။ မြေယာများအတွက် လျော်ကြေးမရတဲ့အပြင် တမံဧရိယာမလွတ်လို့ ရွှေ့ပြောင်းခဲ့ရတဲ့ ရွာ(၃)ရွာ ရွှေ့ပြောင်းရာမှာလည်း သင့်လျော်တဲ့ထောက်ပံ့ငွေများမရရှိဘဲနဲ့ ရွှေ့ပြောင်းခဲ့ကြရပါတယ်။ အခုလည်း တမံရေပိုလွှဲရဲ့ ရေတိုက်စားမှုနဲ့ တမံစိမ့်ရေတွေကြောင့်၊ ကျန်းမာရေး ထိခိုက်ရတဲ့အတွက်ကြောင့် မိုးရာသီမှာ တမံကြီးရဲ့ ရေတွေကိုကြည့်ပြီးတော့ ဆည်အောက်မှာရှိတဲ့ ရွာ(၂)ရွာ ပြောင်းရွှေ့ရေးအတွက် လည်းပဲ ကျွန်တော်တို့ တင်ပြထားရပါတယ်။

အထက်မှာဖော်ပြခဲ့တဲ့ ကျွန်တော်တို့ မြေယာလျော်ကြေး၊ နစ်နာကြေးတွေကို မတောင်းဆို ပေမယ့်လည်း တောင်ယမားရေလှောင်တမံရေပိုလွှဲက ရေများကြောင့် မိုးတွင်းကာလတစ်လျှောက်လုံး ချောင်းဆုံကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း(၁၀)ရွာ၊ အိမ်ထောင်စု(၁၇၀၀)လောက် သွားရေးလာရေး အခက်အခဲ ဖြစ်နေကြရပါတယ်။ အဓိက အခက်အခဲဖြစ်ရတာက ကျွန်တော်တို့ ကျန်းမာရေးအတွက် ဗဟင်းဆေးရုံကို သွားရာလမ်းကို ရေများက ကန့်လန့်ဖြတ်ပြီးတော့ အဟန့်အတားဖြစ်နေပါတယ်။ သို့ပါ၍ ၎င်းရေပိုလွှဲအား ဖြတ်ကျော်သွားလာနိုင်ရန်အတွက် ကွန်ကရစ်တံတားတစ်ခု ပြုလုပ်ပေးဖို့ရန် လေးစားစွာ တင်ပြအပ်ပါတယ်။

ဒါ့အပြင် တောင်ယမားရေလှောင်တမံ ရေပိုလွှဲ ပြင်ဆင်ဆဲကာလမှာ မုန်တိုင်းမိုးကျရောက်ပြီး ရေပိုလွှဲပျက်စီးမည်ကို စိုးရိမ်တဲ့အတွက်ကြောင့်တစ်ကြောင်း၊ ရေအဆမတန်များပြီး ရေလျှံမည့်အခြေအနေကြောင့် တမံရဲ့ မြောက်ဖက်ထိပ်ကနေ ဖောက်ချခဲ့တဲ့အခါမှာ လယ်မြေ(၁၃၄)ဧကခန့် စိုက်ပျိုးလို့မရအောင် ပျက်စီးခဲ့ရပါတယ်။ အဲဒီအချိန်တုန်းက သီးနှံများ စိုက်ပျိုးထားပါတယ်။ လယ်ယာမြေများ ပျက်စီးသွားပေမယ့်လို့ နစ်နာကြေး၊ လျော်ကြေး တစ်စုံတစ်ရာ မပေးခဲ့တဲ့အပြင် ပျက်စီးသွားတဲ့ လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ရန်လည်း ကူညီဆောင်ရွက်ပေးခဲ့ခြင်းမရှိကြောင်း ဒေသခံပြည်သူများကနေပြီးတော့ တင်ပြကြပါတယ်။ သို့ဖြစ်၍ ၎င်းပျက်စီးသွားတဲ့ လယ်ယာမြေများ၊ စိုက်ပျိုးမြေအဖြစ် ပြန်လည်အသုံးပြုနိုင်ရေး ပြန်လည်ပြုပြင်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

အထက်ဖော်ပြပါကိစ္စနှစ်ရပ်ဟာ လူလုပ်တဲ့သဘာဝဘေးလို့ ပြောလို့လည်းရပါတယ်။ ၎င်းတမံတည်ရှိတဲ့ ချောင်းဆုံကျေးရွာနဲ့ အနီးမှာ တည်ရှိတဲ့ ရွာများမှာ တမံတည်ဆောက်ရန် ၎င်းတို့မြေယာများ နစ်နာကြေး၊ လျော်ကြေးမရဘဲ ပေးလိုက်ရတဲ့အပြင် သွားရေး၊ လာရေး အခက်အခဲပါ ကြုံကြရပါတယ်။ တမံမပျက်စီးအောင် ရေဖောက်ထုတ်ခဲ့၍ ၎င်းတို့၏လယ်ယာမြေများ ပျက်စီးခဲ့ရသည်ကို မည်သူကမှ ကုစားမပေးခဲ့ပါဘူး။ ယခုအချိန်မှာ ပြည်သူကတင်မြှောက်တဲ့ အစိုးရလက်ထက် ဖြစ်လို့မို့လို့ ဆယ်စုနှစ် နှစ်စုခန့် ခါးစည်းပြီးတော့ခံခဲ့ရတဲ့ ဒုက္ခကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းလိုတာက မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်မြောက်ပိုင်း၊ ချောင်းဆုံကြီးကျေးရွာအုပ်စု၊ ချောင်းဆုံရွာအနီးတွင် တောင်ယမားရေလှောင်တမံ ရေပိုလွှဲကျော် ကွန်ကရစ်တံခါး ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ၎င်းတမံ ရေဖောက်ချလို့ ပျက်စီးခဲ့ရတဲ့ လယ်ယာမြေများကို စိုက်ပျိုးမြေဖြစ်စေရေး ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ၊ အထက်ဖော်ပြပါကိစ္စနှစ်ခုအား ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထုကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ရတနအုပ်စု၊ လောင်းခုတ်တောင်ကျေးရွာရှိ လယ်သမားတာ (ကာရီ) (၃)လုံးကို ရေတံခါးနှင့် ရေနုတ်မြောင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း က ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ရတနအုပ်စု၊ လောင်းခုတ်တောင်ကျေးရွာရှိ လယ်သမားတာ (ကာရီ) (၃)လုံးကို ရေတံခါးနှင့် ရေနုတ်မြောင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျောက်ဖြူမြို့နယ်၊ ရတနအုပ်စု၊ လောင်းခုတ်တောင်ကျေးရွာရှိ လယ်သမားတာ (ကာရီ) (၃)လုံးကို ရေတံခါးနှင့် ရေနုတ်မြောင်းတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လောင်းခုတ်တောင်ကျေးရွာတွင် အိမ်ခြေ(၅၀၀)ခန့်နဲ့ လူဦးရေ(၁၀၀၀)ကျော်ရှိပါတယ်။ အများစုမှာ လယ်သမားများဖြစ်တဲ့အတွက် ဆင်းရဲနွမ်းပါးကြပါတယ်။ ဖော်ပြပါ ကာရီ(၃)လုံးကို မှီခိုအားထား စားသောက်နေရသော ရွာကြီးတစ်ရွာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် တာပေါင်များမှာလည်း လောင်းခုတ်တောင် တစ်ရွာလုံးကို ဒီရေမဝင်နိုင်အောင် ကာရံပြီးတော့ တားဆီးထားခြင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီကာရီ(၃)လုံးဟာဆိုရင် လောင်းခုတ်တောင်ရွာရဲ့ မရှိမဖြစ်တဲ့ ကာရီများဖြစ်သလို အသက်သွေးကြောတစ်ခုဆိုရင်လည်း မှားလိမ့်မယ်မဟုတ်ပါ။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၅ ခုနှစ်တွင် လယ်သမား(၃၉၉)ဦးတို့မှ ကာရီ (၃)လုံးကို ကိုယ်ထူကိုယ်ထလုပ်အားဖြင့် ဆည်ဖို့ပြီး လုပ်ကိုင်စားသောက်လာခဲ့သည်မှာ ယနေ့ထိတိုင် ပင်ဖြစ်ပါတယ်။ နှစ်ကာလ ကြာလာသည်နှင့်အမျှ တာပေါင်များ ခိုင်ခံ့မှုမရှိတော့ပါ။ တာပေါင်အရှည်မှာ (၂၃၀၀၀)ပေဖြစ်၍ ရေဘေးကာကွယ်ဧက(၁၈၈၃)ဧကနှင့် စိုက်ပျိုးနိုင်သောဧကမှာတော့ (၁၃၄၀)ဧက ဖြစ်ပါတယ်။ ကျန်(၅၀၀)ကျော်ဧကမှာ ရေနစ်မြုပ်နေပါသဖြင့် စိုက်ပျိုး၍မရပါ။ ရေတံခါးပေါက်များ လုံလောက်စွာ တည်ဆောက်နိုင်ခြင်းမရှိတဲ့အတွက် မိုးအများဆုံးဒေသဖြစ်သည်နှင့်အညီ မိုးရေလွှမ်းမိုးပြီး ရေနစ်မြုပ်နေသဖြင့် ဧက(၅၀၀)ကျော်မှာ ဆုံးရှုံးနေပါတယ်။

သို့ဖြစ်ပါ၍ ဆင်းရဲမွဲတေခြင်းမှ လွတ်မြောက်ပြီး ဖွံ့ဖြိုးတိုးတက်လာသော လယ်သမားများ ဘဝကို ဖန်တီးပေးနိုင်ရန် အမှန်တကယ် အရေးကြီးလိုအပ်လျက်ရှိသော ရေတံခါးပေါက်များကို တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိကို လယ်သမားများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနဲ့ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၀။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မွန်ပြည်နယ်၊ အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ရဲ့ မေးခွန်းဖြစ်တဲ့ သထုံမြို့နယ်မှာ လယ်ယာမြေဧက(၂၂၀၀၀) ရေကြီးနစ်မြုပ်မှုနဲ့ ရေငန်ဝင်ရောက်မှုမှ ကာကွယ်ရန် တည်ဆောက်ခဲ့တဲ့ ကျုံးထော်ရေထိန်းတံခါးကြီး ပြိုကျသွားတဲ့အပေါ် ဒေသခံ သက်တမ်းရင့်

တောင်သူများရဲ့ဆန္ဒအရ ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ ဦးစွာ ပြန်လည်ဖြေကြားပေးပါမယ်။

မွန်ပြည်နယ်၊ ပေါင်မြို့နယ်တွင်း ကျုံထော်ချောင်းပေါ်မှာတည်ဆောက်ခဲ့တဲ့ ကျုံထော် ရေတံခါးကို လယ်ယာမြေဧက(၂၂၀၀၀)ခန့်ကို မိုးရာသီ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးဖို့နဲ့ နွေရာသီ ပင်လယ်ဒီရေဝင်ရောက်မှုမှ ကာကွယ်ရန် ရည်ရွယ်ပြီးတော့ ၂၀၀၄ ခုနှစ်မှာ တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ရေထိန်းတံခါးနဲ့အတူ ဆက်စပ်ပြီး ပင်မရေနုတ်မြောင်း(၂)ခုဖြစ်တဲ့ ကျုံထော်မြောင်းနဲ့ သရက်တော မြောင်း(၂)ခုကို တူးဖော်ဆောင်ရွက်ပေးခဲ့ပါတယ်။ ကျုံထော်ရေထိန်းတံခါး တည်ဆောက်ပြီးချိန် ၂၀၀၄ ခုနှစ်က ရေထိန်းတံခါးဟာ ပင်လယ်ကမ်းကနေပြီးတော့ ပေပေါင်း(၆၆၀၀)၊ (၁)မိုင်နဲ့ (၂)ဖာလုံ ကွာဝေး ခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြဆွေးနွေးသလို ၂၀၀၈ ခုနှစ်ကစတင်ပြီး ပင်လယ် ရေစီးကြောင်း ပြောင်းလဲတိုက်စားလာမှုကြောင့် ၂၀၀၉ ခုနှစ်မှာ ကမ်းစားနှုန်း တဖြည်းဖြည်းများပြား လာခဲ့ပါတယ်။ ယင်းအတွက်ကြောင့် ၂၀၀၉ ခုနှစ်၊ မေလ ၅ ရက်နေ့မှာ ရေထိန်းတံခါးဟာ ပင်လယ် ရေတိုက်စားမှုနဲ့အတူ ကမ်းပြိုပြီး ပျက်စီးဆုံးရှုံးသွားခဲ့ရပါတယ်။ ကျုံထော်ရေထိန်းတံခါး တည်ဆောက် ပြီးခဲ့တဲ့ ၂၀၀၄ ခုနှစ်ကစပြီး လယ်ယာမြေဧက (၂၂၀၀၀)ခန့်ကို ရေကြီးနစ်မြုပ်မှုနှင့် ရေငန်ဝင်ရောက် မှုမှ ကာကွယ်ပေးခြင်းဖြင့် အကျိုးပြုနိုင်ခဲ့သော်လည်းပဲ ရေတံခါးမရှိတော့တဲ့နောက်ပိုင်းကာလမှာ နွေရာသီအချိန် ပင်လယ်ဒီရေနှင့်အတူ ရေငန်သဲနုန်းများဝင်ရောက်ပြီး ရေနုတ်မြောင်း (၂)ခုဟာ တိမ်ကောလာခဲ့ပါတယ်။ ယင်းနှင့်အတူ လယ်ယာမြေများ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ပါတယ်။ မိုးရာသီမှာ ပင်လယ်ဒီရေဝင်ရောက်ပြီး လယ်မြေများ ရေကြီးနစ်မြုပ်ခြင်း၊ ရေနုတ်မြောင်းများ တိမ်ကောလာလို့ ကွင်းရေတွေထုတ်နုတ်ပေးနိုင်မှု အားနည်းလာခဲ့တဲ့အတွက် လယ်ယာမြေ ရေကြီး နစ်မြုပ်ခြင်းဆိုးကျိုးများ ဖြစ်ပေါ်စေလျက်ရှိပါတယ်။

ဒ့ါအပြင် ပင်လယ်ရေစီးကြောင်း ပြောင်းလဲတိုက်စားမှုအခြေအနေဟာလည်း ဆက်လက် ဖြစ်ပေါ်လျက်ရှိတဲ့အတွက် ကမ်းပြို၊ ကမ်းစားမှုကလည်း ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း သိရှိရပါတယ်။ ယခုအခါမှာ ကျုံထော်ရေတံခါးရဲ့ မူလအကျိုးပြုလယ်ယာမြေကို ရေကြီးနစ်မြုပ်မှုနဲ့ ရေငန်ဝင်ရောက် မှုများမှ ကာကွယ်ပေးနိုင်ဖို့အတွက် ရေနုတ်မြောင်း (၂)ခုအပေါ်မှာ ရေထိန်းတံခါးတည်ဆောက်ပေးရန် လိုအပ်လျက်ရှိသော်လည်းပဲ လုပ်ငန်းဟာ ပမာဏကြီးမားပြီး တည်ဆောက်မှု ကုန်ကျစရိတ်ဟာလည်း များပြားနိုင်တဲ့အခြေအနေဖြစ်ကြောင်း စိစစ်သိရှိရပါတယ်။

ကမ်းပြို၊ ကမ်းစားမှုမှ ကင်းဝေးပြီး နောင်ရေရှည်တည်တံ့စေရေးအတွက်လည်းကောင်း ရည်ရွယ်ပြီး ပင်လယ်ရေစီးကြောင်း ပြောင်းလဲတိုက်စားမှုနှင့်အတူ ကမ်းပြို၊ ကမ်းစားမှု အခြေအနေကို အချိန်ယူ၍ စောင့်ကြည့်လေ့လာခြင်း၊ ဒီရေအတက်အကျနှင့် ရေမှတ်တွေကို စောင့်ကြည့်တိုင်းတာခြင်း၊ မြေအောက်ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်းနှင့် တည်ဆောက်မှုကုန်ကျစရိတ်နှင့် အကျိုးအမြတ် တွက်ခြေကိုက်မှု ရှိ/မရှိ ဆန်းစစ်ခြင်း လုပ်ငန်းရပ်တွေကို အနည်းဆုံး (၂)နှစ်ခန့်အချိန်ယူ ဆောင်ရွက် သွားရမည်ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် ဦးစွာရေထိန်းတံခါးများတည်ဆောက်ပေးဖို့ ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ၊ လိုအပ်တဲ့ စူးစမ်းလေ့လာ တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်ရန်ပုံငွေကို တင်ပြတောင်းခံ ဆောင်ရွက်ပြီးတဲ့နောက် လုပ်ငန်းဆောင်ရွက်ဖို့ ဖြစ်မြောက်နိုင်စွမ်းရှိပြီး အကျိုးဖြစ်ထွန်းမှုလည်း ရှိမည်ဆိုပါက လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် တည်ဆောက်ရန်အတွက် ဒီဇိုင်းပြုလုပ်တွက်ချက်ခြင်းကို ပထမအဆင့်အနေနဲ့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပြီးမှသာ ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းများအဆင့်ဆင့်ကို စီမံအကောင်အထည်ဖော် ဆောင်ရွက်သွားသင့်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေ ရဲ့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်မြောက်ပိုင်း၊ ချောင်းဆုံကြီးကျေးရွာအုပ်စု၊ ချောင်းဆုံရွာအနီးမှာ တောင်ယမားရေလှောင်တမံ ရေပိုလွှဲကျော် ကွန်ကရစ်တံတား ပြုလုပ်ပေးဖို့နဲ့ ၎င်းတမံ ရေချိုးဖောက်ချ၍ ပျက်စီးခဲ့ရသော လယ်ယာမြေများကို ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားပေးပါမယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ တောင်ယမားရေလှောင်တမံရဲ့ ရေပိုလွှဲကျော် ကွန်ကရစ်တံတားတစ်ခု ပြုလုပ်ပေးရန်ကိစ္စနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားပါမယ်။ တောင်ယမားရေလှောင်တမံအနီးဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများအနေနဲ့ ရေပိုလွှဲမှ ရေမကျော်တဲ့ အချိန်များမှာ ရေပိုလွှဲထိပ် မြေသားလမ်းကို ဖြတ်သန်းအသုံးပြုပြီး မြိုင်မြို့နှင့် အခြားကျေးရွာများ ဆက်သွယ်သွားလာကြကြောင်း သိရှိရပါတယ်။ တောင်ယမားတမံ တည်ဆောက်ပြီးခဲ့တဲ့ ၂၀၀၀ ပြည့်နှစ်ကစပြီး ၂၀၁၇ ခုနှစ်အထိ (၁၇)နှစ်တာကာလအတွင်း (၆)နှစ်လောက်သာ ရေပိုလွှဲက ရေကျော်ကျမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါတယ်။ အမြင့်ဆုံးရေကျော်မှုဟာ (၈)ပေခန့်နှင့် အများဆုံးကြာချိန်ဟာ (၁၁)ရက်ခန့်သာ ရှိပါတယ်။ ရေပိုလွှဲအကျယ်ဟာ ပေ (၁၅၀)ရှိပြီး ဒီဇိုင်းရေထုစီးနှုန်းဟာ ကုဗပေ/စက္ကန့် (၁၄၇၀၀) ဖြစ်တဲ့အတွက် ရေပိုလွှဲအားဖြတ်ကျော်ပြီး တံတားတည်ဆောက်မည်ဆိုပါက ကုန်ကျစရိတ်များ များပြားမယ့် အခြေအနေဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် တောင်ယမား ရေပိုလွှဲမှာ ရေကျော်လို့ရှိရင် အများဆုံး (၁၁)ရက်ခန့်သာ ရှိခြင်း၊ အသုံးပြုသူ နည်းပါးသောလမ်းဖြစ်ပြီး ရေပိုလွှဲမှ ရေကျော်ချိန်မှာ အခြားဆက်သွယ်လမ်းဖြစ်တဲ့ မင်းတိုင်ပင်-ပုလဲ-ကျားတက်-လင်းဂတော-မြိုင် လမ်းကို အသုံးပြုနိုင်ခြင်း ရှိမှာဖြစ်ပါတယ်။ ရေပိုလွှဲ တံတားတည်ဆောက်မယ်ဆိုရင် တည်ဆောက်မှုကုန်ကျစရိတ်ဟာ များပြားနိုင်မှာဖြစ်ပြီး ၎င်းလမ်းကို ယခုအသုံးပြုနေတဲ့ ငါးလင်းစေ့ကျေးရွာနှင့် ပေါက်ရင်းကျေးရွာများမှာ မြေအောက်ရေ၊ စိမ့်ရေကြောင့် စွတ်စိုနေခြင်းအပြင် မြေအောက်ရေမြင့်တက်လာမှုကြောင့် မြေပြင်ပေါ်မှာရှိတဲ့ အညစ်အကြေးများ အလွယ်တကူ ဝင်ရောက်နိုင်ပါတယ်။ ယင်းအကျိုးဆက်အရ ဒေသရဲ့ရေတွင်း၊ ရေကန်တွေမှာ သန့်ရှင်းမှု မရှိတဲ့အတွက် ကျေးရွာပြောင်းရွှေ့လိုကြောင်း နိုင်ငံတော် ဒုတိယသမ္မတ(၂)ရဲ့ ၂၀၁၇ စက်တင်ဘာလ ၁၂ ရက်နေ့ ခရီးစဉ်မှာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ တင်ပြထားမှု အခြေအနေများ ရှိခဲ့ပါတယ်။

ယင်းအကြောင်းကြောင့် ရေပိုလွှဲတံတားကို လတ်တလောမှာ မတည်ဆောက်သင့်သေးပါကြောင်း စူးစမ်းလေ့လာမှုများဆောင်ရွက်ဖို့ အချိန်ယူလုပ်ကိုင်ရမည့် အခြေအနေဖြစ်ကြောင်း သိရှိရပါတယ်။

ဆက်လက်ပြီး တောင်ယမားတမံမှ ရေပိုလွှဲ ရေလွှဲခဲ့မှုကြောင့် သီးနှံစိုက်ပျိုးထားတဲ့ လယ်ယာမြေများ ထိခိုက်ပျက်စီးမှုနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလအတွင်းက ဖြစ်ပေါ်ခဲ့တဲ့ ဆိုင်ကလုန်းမုန်တိုင်း(ဂီရိ)ရဲ့ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး တောင်ယမားတမံမှာရှိတဲ့ ရေပိုလွှဲမှာ (၅.၃) ပေခန့်အထိ ရေကျော်စီးထွက်ခဲ့ပြီး ရေပိုလွှဲ အောက်ဘက် အစိတ်အပိုင်းများ ထိခိုက်ပျက်စီးခဲ့ပါတယ်။

ဒါကြောင့် ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်ပြီး အောက်တိုဘာလကုန်အထိ ရေပိုလွှဲ အရေးပေါ်ပြုပြင်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ရာမှာ မိုးရာသီအတွင်း ပိုလျှံရေတွေကို သဘာဝ ချောင်းရိုးကနေပြီး ရေလွှဲခဲ့ရတဲ့အတွက် ချောင်းရိုးဘေးတစ်လျှောက်ရှိ လယ်မြေ (၉၈)ဧကဟာ ရေစီးကြောင်းတိုက်စားပြီး ထိခိုက်ပျက်စီးမှုရှိခဲ့ရခြင်း ဖြစ်ပါတယ်။ အဆိုပါ လယ်မြေ (၉၈)ဧကနှင့် တောင်ယမား-မင်းတိုင်ပင် ဖြတ်လမ်းရဲ့ အထက်နှင့်အောက်မှာရှိတဲ့ လယ်ယာမြေ (၃၃)ဧကခန့်ဟာ ရေစားချောက်များ ဖြစ်ပေါ်ခဲ့ပြီးတော့ အောက်ခံမြေသားတွေကလည်း ကျောက်မြေများ ဖြစ်တဲ့အတွက် ပြန်လည်ဖော်ထုတ်စိုက်ပျိုးရန် မသင့်တော်သလို မူလချောင်းရိုးနှင့် ကျွန်းဆင်းချောင်း ပေါင်းဆုံရာ အောက်မှာရှိတဲ့ လယ် (၆၅) ဧကဟာလည်း သဲထု (၅) ပေခန့်အထိ ဖုံးလွှမ်းလျက်ရှိပါတယ်။

အဆိုပါသဲတွေကို ပြန်လည်တူးဖော်ဖယ်ရှားလျှင် လက်ရှိချောင်းကြမ်းပြင်အောက်(၁)ပေ ကျော်ခန့် နိမ့်ကျသွားမှာ ဖြစ်ပြီးတော့ စိမ့်ရေကန်သဖွယ် ဖြစ်သွားနိုင်တာကြောင့် စိုက်ပျိုးရေးလည်း အောင်မြင်ဖြစ်ထွန်းမှု မရှိနိုင်တဲ့အတွက် ဆောင်ရွက်ရန် မသင့်တော်ပါကြောင်း စိစစ်သုံးသပ်ရရှိပါတယ်။ ယခုလို ဆောင်ရွက်ရန် သင့်လျော်မှုမရှိတဲ့ အခြေအနေများဟာလည်း သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ကြီးများအား တွေ့ဆုံပြီး ရှင်းလင်းဆွေးနွေးထားပြီး ဖြစ်ကြောင်းလည်း သိရပါတယ်။

သို့ဖြစ်တဲ့အတွက် ရေပိုလွှဲဖြတ်ကျော် တံတား တည်ဆောက်ခြင်းနှင့် လယ်ယာမြေများ ပြန်လည်ပြုပြင်ပေးခြင်းလုပ်ငန်းဟာ အထက်မှာ ရှင်းလင်းဖြေကြားထားပြီး အခြေအနေအရပ်ရပ်ကြောင့် ဆောင်ရွက်ဖို့ သင့်လျော်မှုမရှိပါကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအနေနဲ့လည်း ကျေးရွာရွှေ့ပြောင်းရေး ကိစ္စရပ်များ စဉ်းစားသုံးသပ်လျက်ရှိနေခြင်းတို့ကြောင့် ဒေသခံပြည်သူတွေရဲ့ လိုလားမှုကို အခြေခံပြီး တိုင်းဒေသကြီးအစိုးရအစီအစဉ်နှင့် စီမံဆောင်ရွက်ပေးမယ့်လုပ်ငန်းစဉ်အပေါ်တွင် မိမိတို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ လိုအပ်သလို ပူးပေါင်းကူညီမှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ရဲ့ မေးခွန်းအပေါ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပေးမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ရတနအုပ်စု၊ လောင်းခုတ်တောင်ကျေးရွာမှာရှိတဲ့

လယ်သမားတာ(ကာရီ) (၃)လုံးကို ရေတံခါးနှင့် ရေနုတ်မြောင်း တည်ဆောက်ပေးရန်အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။

ရတနကျေးရွာအုပ်စုရှိ မျောက်စေ့ကော၊ လဟာကြီး၊ တန်းလောင်းကာရီ (၃)လုံးဟာ ငန်းကျွန်းမြစ်နှင့် ပန်းတောပြင်ချောင်းတို့ကို ကာကွယ်ထားတဲ့ ရေဘေးကာကွယ်ရေး လယ်သမားတာများ ဖြစ်ကြပါတယ်။ လယ်ယာမြေ (၂၄၈၇)ဧကအတွက် ရေဘေးကာကွယ်နိုင်ရေး တည်ဆောက်ထားတဲ့ တာများ ဖြစ်ကြပါတယ်။ မိုးစပါးစိုက်ဧက (၁၃၄၀) ဧကရှိခဲ့ပြီး တောင်သူဦးရေ (၃၉၉)ဦး မှီခိုနေတဲ့ လယ်သမားတာ(ကာရီ) များဖြစ်ကြောင်း သိရှိရပါတယ်။ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်မှာ (၅'x၆')(၂) ပေါက်ကွန်ကရစ် ရေတံခါး(၁)လုံးကို ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ပေးခဲ့ပါတယ်။

လယ်သမားတာ(ကာရီ) တာပုံစံကျပြုပြင်ခြင်းလုပ်ငန်းကို ထက်မိုးပွင့် ကုမ္ပဏီမှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ငွေလုံးငွေရင်းရန်ပုံငွေနှင့် တင်ဒါခေါ်စနစ်ဖြင့် ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းဖြစ်ကြောင်း သိရှိရပါတယ်။ အဆိုပါ လယ်သမားတာ(ကာရီ) (၃)လုံးမှာရှိတဲ့ မိုးစပါးစိုက်ဧက (၁၃၄၀) အနက် (၅၈၃) ဧကဟာ မိုးရေချိန် (၂)လက်မအထက် ရွာသွန်းလို့ရှိရင် မိုးရေနစ်မြုပ်မှုကြောင့် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။

အဆိုပါလယ်မြေဧကတွေကို မိုးစပါးစိုက်ပျိုးဖြစ်ထွန်းနိုင်ဖို့အတွက် ငန်းကျွန်းမြစ်ဘက်ခြမ်း၊ မျောက်စေ့ကေတောင်မှာ (၅'x၆')(၂)ပေါက် ကွန်ကရစ် ရေတံခါး(၁)လုံး၊ သင်္ဂနက်ကျိန်တောင်မှာ (၅'x၆')(၃)ပေါက် ကွန်ကရစ်ရေတံခါး(၁)လုံးနှင့် ပန်းတောပြင်ချောင်းဘက်ခြမ်း၊ ချောင်းနားကျွန်းတောင်မှာ (၅'x၆')(၂)ပေါက်ကွန်ကရစ် ရေတံခါး(၁)လုံး တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ရေတံခါးများနှင့်ဆက်စပ်ပြီး ရေထုတ်နိုင်မယ့် ရေနုတ်မြောင်းတူးဖော်ခြင်းကို အလျားပေ (၁၅၀၀၀)၊ ထိပ်ဝအကျယ် (၃၆)ပေ၊ အနက်(၈)ပေ၊ အောက်ခြေအကျယ် ပေ(၂၀) တူးဖော်ခြင်းလုပ်ငန်းနှင့် တာပေါင်အလျားပေ (၂၃၀၀၀)ကို တာပုံစံကျ ပြုပြင်ရေးလုပ်ငန်းများအား ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် တာပုံစံကျပြုပြင်ခြင်း ပေ (၂၃၀၀၀)အတွက် ခန့်မှန်းကုန်ကျငွေကျပ် (၃၃၁.၂)သန်း ရေနုတ်မြောင်းတူးဖော်ခြင်း ပေ (၁၅၀၀၀)အတွက် ခန့်မှန်းကုန်ကျငွေကျပ် (၁၃၄.၄)သန်း၊ (၅'x၆')(၃)ပေါက် ကွန်ကရစ်ရေတံခါး(၁)လုံးနှင့် (၅'x၆')(၂)ပေါက် ကွန်ကရစ်ရေတံခါး(၂)လုံးအတွက် ခန့်မှန်းကုန်ကျငွေကျပ်သန်း (၂၅၀)၊ စုစုပေါင်း ကျပ်သန်း (၇၁၅.၆)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။

အဆိုပါလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ သက်ဆိုင်တဲ့ လယ်သမားအားလုံးရဲ့ ညှိနှိုင်းသဘောတူညီချက်ကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာအာဏာပိုင်များမှ ဦးစီးဦးဆောင်မှုပြု၍ သက်ဆိုင်တဲ့လယ်သမားအားလုံးရဲ့ သဘောတူညီချက်ရရှိပါက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေရရှိရေးမှာ တင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မှာ မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇)အား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက် ၃-၇-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စု စာရင်းစစ်ချုပ်က အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက် ၁၀-၇-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇)အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၄ -၁၁-၂၀၁၇ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၀ နာရီအချိန်တွင်ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စာရင်းအင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က စာရင်းအင်းဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက် ၉-၃-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့ထားသော စာရင်းအင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ လာပါတယ်။ ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၂။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာစေကြောင်း ဆုမွန်တောင်းလို့ မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့ ဆွေးနွေးမှာကတော့ စာရင်းအင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြင်ဆင်ချက်(၉)ချက်နဲ့ ကျွန်တော် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုဖို့ တောင်းခံအပ်ပါတယ်။

ကျွန်တော် ဦးစွာပထမ အခန်း(၁)၊ အပိုဒ် (၂)(ဌ)ကို ကျွန်တော် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ (ဌ)က သန်းခေါင်စာရင်းဆိုသည်မှာ ဦးရေဆိုင်ရာ လက္ခဏာရပ်များကို အပြည့်အဝကောက်ယူထားသည့် စာရင်းအင်းဆိုင်ရာ အချက်အလက်များကို အခြေခံ၍ တရားဝင်ထုတ်ပြန်ထားသည့် စာရင်းကို ဆိုသည်လို့ ပြည်သူ့လွှတ်တော်က အတည်ပြုထားတာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် ပြင်ဆင်သွားမှာကတော့ သန်းခေါင်စာရင်းဆိုသည်မှာ မြန်မာနိုင်ငံလူဦးရေဆိုင်ရာ ဝိသေသအထူးလက္ခဏာရပ်များကို အပြည့်အဝ ကောက်ယူထားသည့် စာရင်းအင်းဆိုင်ရာ အချက်အလက်များကို အခြေခံ၍ တရားဝင် ထုတ်ပြန်ထားသည့်စာရင်းကို ဆိုသည်လို့ ကျွန်တော် ဖြည့်စွက်သွားမှာ ဖြစ်ပါတယ်။ သန်းခေါင်စာရင်း ဆိုတာ ကျွန်တော်တို့ လက္ခဏာရပ်တွေထဲကမှ အထူးသတ်မှတ်ထားတဲ့ ဝိသေသလက္ခဏာရပ်နဲ့ ပြုစုထားတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံလူဦးရေဆိုင်ရာ ဝိသေသဆိုတဲ့ စကားရပ်ကို ဒီမှာ ဖြည့်စွက်ထားတာ ဖြစ်တယ်။

နောက် ကျွန်တော် အခန်း(၁)၊ အပိုဒ်(၂) ဍ ဖြစ်ပါတယ်။ (ဍ) က စစ်တမ်းဆိုသည်မှာ လူဦးရေဆိုင်ရာ လက္ခဏာရပ်များကို ခန့်မှန်းသိရှိနိုင်ရန်အတွက် အချိန်ကာလတစ်ခုအတွင်း ဦးရေဆိုင်ရာ စာရင်းအင်းအချက်အလက်များကို နမူနာပြုစုကောက်ယူထားခြင်းဖြင့် စုဆောင်းရယူထားသော စာရင်းအင်းဆိုင်ရာ အချက်အလက်ကို ဆိုသည်လို့ ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့နေရာမှာ ကျွန်တော်က ဖြည့်စွက်ပြီးတော့ ကျွန်တော် အကြံပြု ပြင်ဆင်သွားမှာဖြစ်ပါတယ်။ စစ်တမ်း ဆိုသည်မှာ ဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ လက္ခဏာရပ်များကို ဆိုတဲ့ စကားရပ်ကို၊ လူမှုစီးပွားရေး ဆိုတဲ့ စကားရပ်ကို ကျွန်တော် ဖြည့်စွက်သွားမှာ ဖြစ်ပါတယ်။ စစ်တမ်းဆိုတာ ကျွန်တော်တို့ လူမှုစီးပွားရေး ဆိုင်ရာ လက္ခဏာရပ်ကိုသာ ကောက်ယူထားတဲ့ အချက်အလက်ဖြစ်တဲ့အတွက် လူမှုစီးပွားရေးဆိုင်ရာ ဆိုတဲ့ စကားရပ်ကို ကျွန်တော် ဖြည့်စွက်သွားမှာဖြစ်ပါတယ်။

နောက်တစ်ခု ကျွန်တော် အခန်း(၁)၊ အပိုဒ်(၂)(ဏ)ဖြစ်ပါတယ်။ လျှို့ဝှက်ထိန်းသိမ်းရမယ့် အချက်အလက်ဆိုသည်မှာ ကျွန်တော် ဖြည့်စွက်သွားမှာက လျှို့ဝှက်ထိန်းသိမ်းရမည့် အချက်အလက် ဆိုသည်မှာ မြန်မာနိုင်ငံ စာရင်းအင်းစနစ်ဖြင့် တရားဝင်စာရင်းအင်းများကို ပြုစုရန် ကောက်ယူရာတွင် လက်ခံရရှိထားသည့် စာရင်းအင်းနှင့်ဆိုင်သော အချက်အလက်များကို မေးခွန်းဖြေကြားသူ၏ ခွင့်ပြုချက် မရှိဘဲ ထုတ်ဖော်ပြောဆိုခွင့် မပြုနိုင်သော ပုဂ္ဂိုလ်၊ အိမ်ထောင်စု၊ ဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့ တစ်ရပ်ရပ်နဲ့ သက်ဆိုင်သည့် အချက်အလက်များကို ဆိုသည်လို့ ကျွန်တော် ပြင်ဆင် အကြံပြုသွားမှာဖြစ်ပါတယ်။

နောက်တစ်ခုက ကျွန်တော် အခန်း(၃)၊ အပိုဒ်(၄)ဖြစ်ပါတယ်။ ၄(က)မှာ ပြည်သူ့လွှတ်တော်က အတည်ပြုထားတာက အစိုးရအဖွဲ့သည် စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေး ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်လို့ ပြဋ္ဌာန်းထားတဲ့အခါမှာ ကျွန်တော် ၄(က)ကို ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်လို့ပဲ ပြဋ္ဌာန်းသင့်ကြောင်း ကျွန်တော် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပုဒ်မ ၂(ဆ)မှာ ဗဟိုကော်မတီကို အဓိပ္ပာယ်ဖွင့်ဆိုပြီးသားဖြစ်ပါတယ်။ ဗဟိုကော်မတီဆိုသည်မှာ စာရင်းအင်းအချက်အလက်များနှင့်၊ မှန်ကန်ရေးနှင့် အရည်အချင်းပြည့်ဝသော

ဗဟိုကော်မတီဟု ဆိုသည်လို့ ဆိုတဲ့အတွက် ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်လို့ပဲ ပြဋ္ဌာန်းသင့်ပါတယ်။

နောက် အခန်း(၄)၊ အပိုဒ်(၄)(ဂ) ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က အတည်ပြုထားတာက အရည်အသွေးပြည့်ဝ၍ ယုံကြည်စိတ်ချရသော အမျိုးသားစာရင်းအင်းစနစ် တည်ထောင်ခြင်းဆိုတဲ့ နေရာမှာ ကျွန်တော်က အရည်အသွေးပြည့်ဝသည့် စာရင်းအင်းစနစ်နှင့် ဆိုတဲ့ အမျိုးသားစာရင်းအင်း စနစ်တည်ထောင်ခြင်းလို့ ကျွန်တော် ဖြည့်စွက်သွားမှာဖြစ်ပါတယ်။ ပုဒ်မ ၂(ဌ)မှာ အရည်အချင်းပြည့်ဝသည့် စာရင်းအင်းစနစ်ဆိုသည်မှာ အဓိဋ္ဌာန်ကျမှု၊ တိကျမှန်ကန်မှု၊ ဆက်စပ်မှု၊ အချိန်နှင့်တစ်ပြေးညီ ထုတ်လုပ်မှုရှိသည်ကို စာရင်းအင်းစနစ်ဟုခေါ်သည်လို့ ပြဆိုထားတဲ့အတွက် အရည်အချင်းပြည့်ဝသည့် စာရင်းအင်းစနစ် ဆိုတဲ့ စာကို ကျွန်တော် ဖြည့်စွက်သွားတာ ဖြစ်ပါတယ်။

အခန်း(၆)၊ အပိုဒ်(၁၁)(င) ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် က အတည်ပြုချက်မှာ တရားဝင်စာရင်းအင်းများ ကောက်ယူရေးအတွက်ဖြစ်စေ၊ အုပ်ချုပ်ရေးအတွက်ဖြစ်စေ၊ အခြားကိစ္စရပ်များအတွက်ဖြစ်စေ ဆောင်ရွက်သည့် တရားဝင်စာရင်းအင်းနှင့် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များကို နှစ်စဉ်ပြန်လည်စိစစ်ခြင်းနှင့် အကြံပေးခြင်းဆိုတဲ့နေရာမှာ ရေးထုံးအနေနဲ့ ကျစ်လျစ်အောင်ဆိုပြီး တရားဝင်စာရင်းအင်းနှင့် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များကို နှစ်စဉ်ပြန်လည်စိစစ်ခြင်းနှင့် အကြံပေး ခြင်းလို့ ကျွန်တော် ပြင်ဆင်သွားမှာဖြစ်ပါတယ်။

ပုဒ်မ ၂(ည)၊ ပုဒ်မ ၂ (န)မှာ စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များ ဆိုသည်မှာ ဆိုတဲ့နေရာမှာ အုပ်ချုပ်ရေးအတွက်ဖြစ်စေ၊ အခြားကိစ္စရပ်များနှင့်ပတ်သက်သည့် စာရင်းအင်းဆိုင်ရာ ပါဝင်ပြီး ဖြစ်တဲ့အတွက် ရေးထုံးအနေနဲ့ ကျစ်လျစ်မှုရှိအောင် ကျွန်တော် ဖြည့်စွက်သွားခြင်း၊ ပြင်ဆင်သွားခြင်း ဖြစ်ပါတယ်။

နောက် အခန်း(၁၃)၊ ပုဒ်မ ၄၃ ဖြစ်ပါတယ်။ ပုဒ်မ ၄၃ က ကျွန်တော် ပုဒ်မ ၃၆ ကို ကျွန်တော် ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ အနီရောင်နဲ့ ပြထားတာဖြစ်ပါတယ်။ ဒါကလည်း ပုဒ်မ ၃၆ မှာ Penal action ဖြစ်တဲ့အတွက် ကျွန်တော် ဒီပြစ်မှုပြစ်ဒဏ်မှာ ကျွန်တော် ပုဒ်မ ၃၆ ကို ကျွန်တော် ရည်ညွှန်း ပြီးတော့ ထည့်စေချင်တဲ့အတွက် ကျွန်တော်ဒီမှာ ဖြည့်စွက်ထားတာဖြစ်ပါတယ်။ ပုဒ်မ ၃၆ က စာရင်းအင်း အချက်အလက် ပြုစုသူ မည်သူမျှ ကောက်ယူခဲ့သည့် စာရင်းအင်းကိုဖြစ်စေ၊ အမျိုးသားစာရင်းကို ဖြစ်စေ စာဖြင့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အကြောင်းအချက်တစ်ခုခုသည် ၎င်းကို ရည်ညွှန်းသည်ဟု သိရှိရန် ဖော်ပြသည့် နည်းလမ်းမျိုးဖြင့် ထုတ်ပြန်ခြင်းမပြုရ ဆိုတဲ့ ကျွန်တော် ဒါ Penal action ကို ကျွန်တော် ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။

နောက်တစ်ခု အခန်း(၁၄)၊ အပိုဒ်(၄၅)ဖြစ်ပါတယ်။ ဒီမှာလည်း ကျွန်တော် ပုဒ်မ ၄၁ ကို ဒီ ပြစ်မှုပြစ်ဒဏ်မှာ ကျွန်တော် ပါဝင်ထည့်သွင်းထားခြင်းဖြစ်ပါတယ်။ ပုဒ်မ ၄၁ က ပြည်သူ့လွှတ်တော်က အသစ်ဖြည့်စွက်ထားတဲ့ ပုဒ်မလည်းဖြစ်တဲ့အတွက် ပုဒ်မ ၄၁ မှာ မည်သူမှ မည်သူ့ မူလစာရင်း အချက်အလက်ကိုဖြစ်စေ၊ စာရင်းအင်းဆိုင်ရာ အချက်အလက်ကိုဖြစ်စေ၊ မရိုးဖြောင့်သော သဘောဖြင့်

ပြင်ဆင်ခြင်း သို့မဟုတ် အသစ်ဖြည့်စွက်ခြင်း မပြုရလို့ ပြဋ္ဌာန်းထားတာ ဖြစ်တဲ့အတွက် ပုဒ်မ ၄၆ ကို ထည့်သွင်းခြင်းအားဖြင့် ဒါဟာ ကျွန်တော်တို့ Daily Form အနေနဲ့ ကျွန်တော် ဒီမှာ ထည့်ခြင်းဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ ကျွန်တော် အခန်း(၁၄)၊ အပိုဒ်(၄၉)ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က အကြီးအမှူးသည် တာဝန်ရှိသည်လို့ ဖော်ပြထားတဲ့နေရာမှာ ကျွန်တော်က အသင်းအဖွဲ့အစည်း၏ ဦးဆောင်အဖွဲ့ဆိုတဲ့ဟာကို ကျွန်တော် ပယ်ဖျက်ပြီးတော့ အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းဖြစ်လျှင် ယင်းအဖွဲ့၏ အကြီးအမှူးသည် တာဝန်ရှိသည်ဟု မှတ်ယူရမည်လို့ ကျွန်တော် ပြင်ဆင်ဖြည့်စွက်ထားတာဖြစ်ပါတယ်။ အသင်းအဖွဲ့တွေမှာ များသောအားဖြင့် ကျွန်တော်တို့ ဦးဆောင်အဖွဲ့ ရာထူးပေးလေ့မရှိဘဲ ကုမ္ပဏီတွေမှာသာ ဦးဆောင်ဒါရိုက်တာအဖြစ် ပေးလေ့ရှိတာဖြစ်တဲ့အတွက် အသင်းအဖွဲ့၏ အကြီးအမှူးတွင် တာဝန်ရှိသည်ဟု ရေးထုံးသည် ပိုပြီးတော့ ပြည့်စုံသည်ဟု ကျွန်တော် ယူဆတဲ့အတွက်ကြောင့် ပြင်ဆင်ရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၃၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးသိန်း(ခ) ဦးမောင်စိုး ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာတဲ့ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည် ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၃၈။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး အမှူးပြုတဲ့ ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါ။ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီ၏ အတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီးတော့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/ အမ (ကော်မတီ - ၁) ၁/၂၀၁၇ - ၅၅၈
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ လ ၆ ရက်

၁။ ကျွန်တော်တို့ ကော်မတီအနေနဲ့ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်းတဲ့ ပထမအကြိမ် အစီရင်ခံစာကို အောက်တိုဘာလ ၁၇ ရက်နေ့မှာ အမျိုးသားလွှတ်တော်ကို တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းအပေါ်မှာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးဖြစ်တဲ့ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်တဲ့ ဗိုလ်မှူးကြီး ကျော်ကျော် နှင့် ဗိုလ်မှူးဇော်ဝင်းဦး တို့က အောက်တိုဘာလ ၂၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ အကြံပြုဆွေးနွေးခဲ့ပါတယ်။ ဒီအကြံပြုချက်တွေအပေါ်မှာ ကျွန်တော်တို့ ကော်မတီအနေနဲ့ အကြံပြုဆွေးနွေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ပညာရှင်များနှင့် အောက်တိုဘာလ ၃၀ ရက်နေ့မှာ ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။

### လေ့လာတွေ့ရှိချက်

၂။ ဆွေးနွေးညှိနှိုင်းချက်များအရ လေ့လာတွေ့ရှိချက်ကို တင်ပြရမယ်ဆိုရင် ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၇၊ အပိုဒ်ခွဲ (စ) မှာ ဖော်ပြထားတဲ့ အကယ်၍ အစည်းအဝေး အထမြောက်ခြင်း မရှိလျှင်ဆိုတဲ့ စကားရပ်ကိုတော့ အကယ်၍ အစည်းအဝေး အထမြောက်လျှင်လို့ ကျစ်ကျစ်လျစ်လျစ် ပြင်ဆင်သင့်ကြောင်း တွေ့ရှိရပါတယ်။ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၄ မှာ ဖော်ပြထားတဲ့ ပြည်ထောင်စုလွှတ်တော်တွင် တင်ပြရမည့်အပြင် ဆိုသည့် စကားရပ်ကိုလည်း မြန်မာစာအရေးအသားမှန်ကန်စေဖို့အတွက် ပြည်ထောင်စုလွှတ်တော်တွင် တင်ပြပြီးလို့ ပြင်ဆင်သင့်ကြောင်း သဘောတူညီခဲ့ပါတယ်။

### ကော်မတီ၏ သဘောထားမှတ်ချက်

၃။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားမှတ်ချက်ကို တင်ပြပါမယ်။ ဒီ ဥပဒေကြမ်းအပေါ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၈)ဦးက ဆွေးနွေးခဲ့ပါတယ်။ ဒီလိုဆွေးနွေးခဲ့တဲ့နေရာမှာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး က ထောက်ခံဆွေးနွေးခဲ့ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုး က ပြင်ဆင်ချက် အဆိုတင်သွင်းပြီးတော့ ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။ ကျန်တဲ့ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်များဖြစ်တဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၊ နောက်တစ်ခါ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်၊ ဦးကျော်ကျော် ဟာဆိုရင် ဥပဒေကြမ်းကော်မတီဝင်လည်း ဖြစ်ပါတယ်။ နောက် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးကျော်ကျော် နဲ့ ဗိုလ်မှူးဇော်ဝင်းဦး တို့ကတော့ ဒီဥပဒေကို ပြဋ္ဌာန်းရန် မသင့်ကြောင်း ကန့်ကွက်ဆွေးနွေးခဲ့ပါတယ်။ ဥပဒေကြမ်း ကော်မတီရဲ့ မူလအစီရင်ခံစာ တင်သွင်းစဉ်ကတည်းကလည်း ဥပဒေကြမ်းကော်မတီဝင်များဖြစ်တဲ့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ခင်မောင်အေး၊ ကရင်ပြည်နယ်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး နဲ့ ရခိုင်ပြည်နယ်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် တို့ကလည်း ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မပြဋ္ဌာန်းသင့်ကြောင်း ကန့်ကွက် အဆိုပြုခဲ့ပါတယ်။

ကျွန်တော်တို့ ကျန်တဲ့ ဥပဒေကြမ်းကော်မတီဝင်(၁၁)ဦးစလုံးကတော့ ဒီဥပဒေကို အတည်ပြု ဆောင်ရွက်သင့်ကြောင်း လွှတ်တော်ကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ အထက်ပါ တင်ပြခဲ့တဲ့ ဥပဒေကြမ်းကော်မတီဝင်များနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရဲ့ အကြံပြု ကန့်ကွက်ချက်များနဲ့ စပ်လျဉ်းပြီးတော့ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်သင့်ပါတယ်။

ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကနေပြီးတော့ အစီရင်ခံစာ(၂)ကြိမ် တင်ပြတဲ့အထဲမှာ တင်ပြထားတဲ့ ပြင်ဆင်ချက်တွေကိုတော့ လွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်သင့်ပါကြောင်း လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ် ခင်ဗျား။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၈)ဦး ဆွေးနွေးခဲ့ရာ ဦးလှဦး၊ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)နှင့် ဦးစိုးသိန်း(ခ) ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)တို့မှ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း လွှတ်တော် က အတည်ပြု ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးပြီး ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ တပ်မတော်သားကိုယ်စားလှယ်

ဗိုလ်မှူးကြီးကျော်ကျော်၊ ဗိုလ်မှူးဇော်ဝင်းဦးနှင့် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ် ခင်မောင်အေး၊ ဒေါ်နန်းနီနီအေး တို့မှ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ရန် မသင့်ကြောင်း အကြံပြုဆွေးနွေးခဲ့တယ်လို့ ဥပဒေကြမ်းကော်မတီက တင်ပြသွားပါတယ်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောမတူတဲ့သူ ရှိတဲ့အတွက် ပထမဦးစွာ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းအား ပြင်ဆင်ရန် သင့်/မသင့် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ် (၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကို ပြင်ဆင်ရန်သင့်ကြောင်း သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင်ခလုတ်ကိုနှိပ်ပြီး ထောက်ခံမဲပေးရန်နှင့် ပြင်ဆင်ရန်မသင့်ကြောင်း သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် ခလုတ်ကိုနှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ဥပဒေကြမ်းကို ပြင်ဆင်းသင့်သည်ဆိုသည့် အချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ် ဆက်လက်ရယူသွားမှာဖြစ်ပြီး ကန့်ကွက်မဲများပါက ဥပဒေကြမ်းကို ပြင်ဆင်ရန် မသင့်ကြောင်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၁၉)မဲ၊ ကန့်ကွက်မဲ (၇၄)မဲ၊ ကြားနေမဲ မရှိဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ဆက်လက်ရယူဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာတဲ့ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းအား ထောက်ခံမဲများတဲ့အတွက် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူ၍ အတည်ပြုဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ယခု ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်များကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ ပြင်ဆင်ချက်များကို တင်ပြသွားပါမယ်။

အပိုဒ် ၁၊ အပိုဒ်ခွဲ(ဋ) အဖွဲ့ဝင်ဆိုသည်မှာ လွှတ်တော်အဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ အပါအဝင် အဖွဲ့ဝင်အသီးသီးကို ဆိုသည်။

အပိုဒ် ၈၊ အပိုဒ်ခွဲ(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ လွှတ်တော်ဆိုင်ရာ ဥပဒေများနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ ဥပဒေပြုခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ခြင်း။

အပိုဒ်ခွဲ(ဂ) ပြည်ထောင်စုနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ ဆက်နွယ် အကျုံးဝင်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ခြင်း။

အပိုဒ်ခွဲ(ဃ)၊ လွှတ်တော်အဖွဲ့၏ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းရည်မြှင့်တင်ရေးနှင့် လွှတ်တော်ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးတို့အတွက် ဆွေးနွေးဆောင်ရွက်ခြင်း၊ ပြည်တွင်းပြည်ပ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ညီလာခံများနှင့် လေ့လာရေးခရီးစဉ်များ စေလွှတ်ခြင်း။

အပိုဒ် ၁၁၊ အဖွဲ့ဝင်များသည် လွှတ်တော်အဖွဲ့၏ ညှိနှိုင်းဆောင်ရွက်ချက်များကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးကြောင်းကို လွှတ်တော်အဖွဲ့သို့ ပြန်လည်အစီရင်ခံရမည်။

အပိုဒ် ၁၄၊ လွှတ်တော်အဖွဲ့ အတွင်းရေးမှူးသည် လွှတ်တော်အဖွဲ့၏ဆောင်ရွက်မှု အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်တွင် တင်ပြပြီး သက်ဆိုင်ရာ လွှတ်တော်များသို့လည်း ပေးပို့ရမည်။

ဒီပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၂(ဋ)၊ အပိုဒ် ၈ (ခ)(ဂ)(ဃ)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ (ဋ)၊ အပိုဒ် ၈ (ခ)(ဂ)(ဃ)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ အပိုဒ် ၄ ရဲ့ ခြေဆင်း၊ အပိုဒ် ၇၊ အပိုဒ်ခွဲ(စ)တို့ကိုတော့ အဆိုပြု

ပြင်ဆင်ချက်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူသူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ]

သဘောမတူသူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထားရှိဖို့လိုအပ်တဲ့ အပိုဒ်များကို တင်ပြမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းရဲ့ ခေါင်းစဉ်၊ အခန်း(၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂ ခြေဆင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(က) မှ (ည)(ဋ)(ဍ)(ဎ)၊

အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(က) မှ (ဃ)အထိ၊

အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄ အစုခေါင်းစဉ်၊ အပိုဒ် ၄၊ အပိုဒ်ခွဲ (က) မှ (င) အထိ၊ အပိုဒ် ၅၊ အပိုဒ် ၆ အစုခေါင်းစဉ်၊ အပိုဒ် ၆၊ အပိုဒ် ၇ အစုခေါင်းစဉ်၊ အပိုဒ် ၇၊ အပိုဒ်ခွဲ(က)မှ(င)အထိ၊ အပိုဒ် ၇၊ အပိုဒ်ခွဲ (ဆ)၊

အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၈ ခြေဆင်း၊ အပိုဒ် ၈၊ အပိုဒ်ခွဲ(က)(င)(စ)(ဆ)၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၉၊ အပိုဒ်ခွဲ (က)မှ(ဃ) အထိ၊

အခန်း(၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၀၊ ၁၂၊ ၁၃၊

အခန်း(၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၅၊ ၁၆၊ ၁၇ နှင့် အဆိုပြုပြင်ဆင်ထားတဲ့ အပိုဒ် ၈၊ အပိုဒ်ခွဲ(ဇ)(ဈ)၊ နောက် အပိုဒ် ၁၄ ပယ်ဖျက်ချက်တို့ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူသူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ]

သဘောမတူသူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် (၁၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၁း၅၃ နာရီအချိန်တွင် ရပ်နားပါသည်။]